# လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒ

| | |
|---|---|
| စာတမ်းအမှတ် | M&AOSB-CPL-05012018-CSRP |
| စာတမ်းခေါင်းစဉ် | လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒ |
| ရေးသားသူ | Corporate Affairs Manager |
| ရက်စွဲ | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၅ ) ရက် |
| အတည်ပြုသူ | Group General Manager |

## ဦးတည်ချက်

M&AOSB သည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံသူ အဖြစ် စီးပွါးရေးလုပ်ငန်းများကို အမြင့်မားဆုံး စံချိန်စံညွှန်းများနှင့် အညီလုပ်ကိုင်ဆောင်ရွက်ရန် ကတိပြုဆုံး ဖြတ်ထားပြီးဖြစ်ပါသည်။

ထို့အပြင် M&AOSB သည် အများနှင့် ပူးပေါင်း၍ စီးပွါးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူများ၊ စီးပွါးရေးမိတ်ဖက်များနှင့် ပူးပေါင်း၍ အမျိုးသားရေး အခန်း ကဏ္ဍ၊ မတူကွဲပြားသည့်ဘာသာတရားနှင့် ယဉ်ကျေးမှုများကို လေးစားထိန်းသိမ်းကာ မိမိတို့၏ ရည် မှန်းချက်များကို ရိုးသားဖြောင့်မတ်စွာ အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အကောင်အထည်ဖေါ်ဆောင်ရွက်မှု

M&AOSB သည် ဖေါ်ပြပါ ရည်မှန်းချက်များနှင့် လျာထားချက်များရရှိရေးအတွက် ဝန်ထမ်းများနှင့် မန်နေဂျာများအားလုံး၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို ရည်မှန်းထားသကဲ့သို့ ကန်ထရိုက်တာ များနှင့် Suppliers များသည်လည်း တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း တာဝန်ရှိပါသည်။

ယခုဖေါ်ပြပါမူဝါဒအတိုင်း လိုက်နာရန် ပျက်ကွက်ပါက အလုပ်မှ ရပ်စဲသည်အထိ အရေးယူမှုများ ပါဝင်သည့် ရုံးစည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အလား တူပင် မူဝါဒကိုလိုက်နာရန် ပျက်ကွက်သော ကန်ထရိုက်တာများကိုလည်း ၄င်းတို့ လုပ်ငန်းစာချုပ်

များကို ရပ်စဲခြင်း (သို့မဟုတ်) သက်တမ်းတိုးမှု မပြုလုပ်ခြင်း (သို့မဟုတ်) အခြား သင့်လျော် သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။ M&AOSB အနေဖြင့် ထိုကဲ့သို့ ချမှတ်ထား သည့် မူဝါဒများကို လိုအပ်သည့်အခါများတွင်လည်း အချိန်အခါ၊ အခြေအနေနှင့် အညီ ပြင်ဆင်၊ ပြောင်းလဲမှုများ ပြုလုပ်ခွင့် ရှိပါသည်။

## တာဝန်ယူအာမခံချက်

ဤမူဝါဒနှင့်ပတ်သက်၍ M&AOSB ၏ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများအနေ ဖြင့် အောက်ပါအတိုင်းတိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

- ဝန်ထမ်းများ၏ မတူကွဲပြားမှုနှင့် သီးသန့်ဖြစ်တည်မှုကို လေးစားရန်နှင့် ခွဲခြားဆက်ဆံမှု မပြုဘဲမျှတစွာဆက်ဆံဆောင်ရွက်ရန်၊
- မတူကွဲပြားမှုကို အလေးထားရန်နှင့် အလုပ်ခန့်ထားမှုများတွင် တူညီသည့်အခွင့်အရေးရရှိနိုင် ရေး အာမခံကတိပြုရန်၊
- အသင်းအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ဆန်းသစ်ဖန်တီးမှုများကို မြှင့်တင်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ ဖွံ့ဖြိုးမှုကို အားပေးဆောင်ရွက်ရန်၊
- ဝန်ထမ်းများ၏ တစ်ဦးချင်းဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများကို ဖွံ့ဖြိုးတိုးတက်စေမည့် ဘေးကင်း၊ လုံခြုံပြီး နှစ်လိုဖွယ်ကောင်းသည့် လုပ်ငန်းခွင်ဖြစ်အောင် ပံ့ပိုးရန်၊
- ကျွန်ုပ်တို့၏လုပ်ငန်းများတွင်ဆက်စပ်ပါဝင်လုပ်ကိုင်ဆောင်ရွက်သူများအားလုံးကို M&AOSB က ချမှတ်ထားသည့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာမူဝါဒ များနှင့်အညီသေချာစွာ အကောင်အထည်ဖော် ဆောင်ရွက်စေရန်၊
- လူမှုအသိုက်အဝန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း၊ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ရန်၊
- ကောင်းမွန်သည့် လူမှုကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များကို ထိန်းသိမ်းရန် နှင့် လုပ်ငန်း များကို ပွင့်လင်း မြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ရန်၊
- ကျွန်ုပ်တို့လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများအားလုံး ချမှတ်ထားသော စံသတ် မှတ်ချက်များကို အတတ်နိုင်ဆုံးလေ့လာသိရှိလိုက်နာနိုင်ရေးအတွက် အားပေးဆောင်ရွက်ရန်၊

## တာဝန်များ

M&AOSB ၏ အမှုဆောင်စီမခန့်ခွဲရေးအဖွဲ့သည် မူဝါဒများကို တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သူများ အားလုံးက အသုံးပြုလျက်ရှိသည့် စီမံခန့်ခွဲမှုစနစ်များနှင့် အညီ လိုက်လျောညီထွေစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် အောင်မြင်မည်ဖြစ်သည်။

လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာမူဝါဒကို အမျိုးသားရေးအခြေအနေများ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ စီးပွါးရေးလုပ်ငန်းများနှင့် ပြင်ပပတ်ဝန်းကျင် ပြောင်းလဲမှု အခြေအနေများနှင့် လိုက်လျောညီထွေမှုဖြစ်စေရန် နှစ်နှစ်လျှင် တစ်ကြိမ်ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက်အလက်ပံ့ပိုးခြင်း

M&AOSB ၏ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့သည် မူဝါဒများကို တာဝန်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သူများ အားလုံးက အသုံးပြုလျက်ရှိသည့် စီမံခန့်ခွဲမှုစနစ်များနှင့် အညီလိုက်လျောညီထွေ လိုက်နာဆောင်ရွက်ခြင်းဖြင့်အောင်မြင်မည်ဖြစ်သည်။

လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒကို အမျိုးသားရေး အခြေအနေများ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ စီးပွါးရေးလုပ်ငန်းများနှင့် ပြင်ပပတ်ဝန်းကျင်ပြောင်းလဲမှု အခြေအနေများနှင့် လိုက်လျော ညီထွေမှု ဖြစ်စေရန် နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။